ပုံစံ (၁၁)

## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

**{ နည်းဥပဒေ ၂၃ (စ) }**

**ခုံအဖွဲ့**

၂၀၂၄ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၄/၂၀၂၄)

ဦးခင်လှိုင် (အလုပ်ရှင်)
ဇေတိကသက်န်းပရိက္ခရာရောင်းဝယ်ရေး
အမှတ်(၃၁)၊ ဗဟန်း(၂)လမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
} လျှောက်ထားသူ

နှင့်

ဦးခင်မောင်ဇော် (အလုပ်သမား)
အမှတ်(၁၄၁)၊ တိုးချဲ့(၂)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
} လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗဟန်း(၂)လမ်း၊ အမှတ်(၃၁)ရှိ ဇေတိကသက်န်းပရိက္ခရာရောင်းဝယ်ရေးမှ အလုပ်ရှင် ဦးခင်လှိုင် နှင့် အလုပ်သမား ဦးခင်မောင်ဇော် တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ဗဟန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ အောက်ပါအတိုင်း ကောက်ချက်ချ၍ ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့ကြပါသည်-

**ကောက်ချက်။** အလုပ်သမား ဦးခင်မောင်ဇော်အား နို့တစ်ကြေးပေးရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်။** အလုပ်ရှင်က ဦးခင်မောင်ဇော်အား နို့တစ်ကြေး(၁)လစာ ၃၀၀၀၀၀/- ကျပ် (ကျပ်သုံးသိန်းတိတိ)အား ပေးရန် ဆုံးဖြတ်သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အလုပ်ရှင် ဦးခင်လှိုင်မှ ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီထံသို့ အယူခံတင်ပြလျှောက်ထားခဲ့ရာ ခုံသမာဓိကောင်စီသည် ရုံးအမိန့်စာအမှတ် (၂၁/၂၀၂၄)ဖြင့် ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဦးသောင်းစိန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ ဒေါ်မြတ်မြတ်ကျော် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် ဦးသိန်းကြွယ် (အလုပ်သမားကိုယ်စားလှယ်) တို့ ပါဝင်သော ခုံအဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၃။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အငြင်းပွားမှုများကို အမြန်ဆုံး ပြေငြိမ်းပြီးပြတ်စေရေးအတွက် ၇ - ၂ -၂၀၂၄ ရက်နေ့တွင် ရုံးထိုင်စစ်ဆေးခဲ့ပါသည်။ ထိုသို့ စစ်ဆေးခဲ့ရာတွင် ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ၂၃(က)အရ **"သက်ဆိုင်ရာ အငြင်းပွားသူများကို ကြားနာလိုက ကြားနာစစ်ဆေးခြင်း (သို့မဟုတ်) ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်"** ဟူသော ပြဋ္ဌာန်းချက်အရ COVID-19 ရောဂါထိန်းချုပ်ရေး၊ တားဆီးကာကွယ်ရေးကာလဖြစ်၍ COVID-19 ရောဂါကူးစက်မှုမဖြစ်စေရန် ကာကွယ်သည့်အနေဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ ၇-၂-၂၀၂၄ ရက်နေ့တွင် ၎င်းတို့တင်သွင်းခဲ့သော လျှောက်ထားလွှာများ၊ ထွက်ဆိုချက်များ၊ သက်သေခံစာရွက်စာတမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ စစ်ဆေးဆောင်ရွက်ချက်များကို အသေးစိတ် လေ့လာခဲ့ပြီးနောက် ဆင်ခြင်တုံတရားဖြင့် စစ်ဆေးဆုံးဖြတ်ခဲ့ကြပါသည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အငြင်းပွားမှုဖြစ်စဉ်အပေါ် ဥပဒေနှင့်အညီ ဆင်ခြင်ဆုံးဖြတ်နိုင်ရန်အတွက် အောက်ပါကောက်ချက်ကို ချမှတ်ခဲ့ပါသည်-

**ကောက်ချက်။** အလုပ်သမား ဦးခင်မောင်ဇော်အား နို့တစ်ကြေး ခံစားခွင့် ပြုသင့်/ မပြုသင့်။

**<u>အမှုဖြစ်စဉ်အကျဉ်းချုပ်နှင့်စစ်ဆေးတွေ့ရှိချက်</u>**

၅။ ဇောတိကသက်န်းပရိက္ခရာရောင်းဝယ်ရေးလုပ်ငန်းတွင် လုပ်သားပေါင်း (၁၀၀)ခန့် လုပ်ကိုင်လျက်ရှိပြီး စနစ်တကျနှင့် အောင်မြင်စွာ လည်ပတ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ ဝန်ထမ်းရေးရာဌာန ဒါရိုက်တာ ဦးမောင်မောင်စိုး၏

တင်ပြချက်အရ ဦးခင်မောင်ဇော်အား လူတွေ့စစ်ဆေးမေးမြန်းခြင်းပြုလုပ်ပြီး နှစ်လအကြာတွင် ဆက်သွယ်လာခဲ့သည့်အတွက် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတစ်ဦးအား စားဝတ်နေရေး အခက်အခဲမရှိ အထောက်အပံ့ပြုနိုင်ရန်အတွက် ဇောတိက ဝန်ထမ်းရေးရာဌာနတွင် အချိန်ပိုင်း အကြံပေးအဖြစ် တာဝန်ပေးအပ်မည်ဖြစ်ပြီး လုပ်ငန်းဝင်သင်တန်းကို ၂ လ ကြာမြင့်မည်ဖြစ်ကြောင်းနှင့် ယင်း ၂ လ အတွင်း ၁ လလျှင် ကျပ် ၃၀၀,၀၀၀/- ချီးမြှင့်မည်ဖြစ်ကြောင်း၊ သင်တန်း ၂ လ ပြီးဆုံးမှသာလျှင် အချိန်ပိုင်း တာဝန်ပေးမည်ဖြစ်ကြောင်း ချီးမြှင့်ငွေ (Fees) ကိုသာ ပေးမည်ဖြစ်ကြောင်း၊ လုပ်ခလစာ မဟုတ်ကြောင်း၊ ဝန်ထမ်းခန့်အပ်လွှာကိုလည်း ပေးအပ်မည်မဟုတ်ကြောင်း အလုပ်သမား ဦးခင်မောင်ဇော်ကိုယ်တိုင် သိရှိပြီးဖြစ်သည်ကို စစ်ဆေးတင်ပြချက်များအရ သိရှိရပါသည်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီးခုံသမာဓိအဖွဲ့နှင့် မိမိတို့ခုံသမာဓိကောင်စီထံသို့ တင်ပြလျှောက်ထားလွှာများတွင်လည်း အလုပ်ခန့်အပ်လွှာနှင့် လုပ်ခလစာပေးချေစာရင်းတို့ကို ပူးတွဲတင်ပြလျှောက်ထားသည်ကို မတွေ့ရှိရပါ။ သို့ဖြစ်၍ အလုပ်သင် (သို့မဟုတ်) လုပ်ငန်းခွင် မဝင်မီ အလုပ်ရှင်၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းခွင်သင်တန်း ပေးရာတွင် သွားလာမှု အစုစုအတွက် ငွေပေးစလစ်အရ ကျပ် ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ)ကို ထောက်ပံ့ငွေတစ်ရပ် ပေးထား ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ လုပ်ငန်းရှင်အနေဖြင့် လုပ်သား ဦးခင်မောင်ဇော်အား သင်တန်း ကာလအတွင်း လူမှုရေးအရ သော်လည်းကောင်း၊ လုပ်ငန်းခွင်သင်တန်းသို့ လာရောက်ဆောင်ရွက် သည်ကို ကုန်ကျစရိတ်များ ထေမိစေရန် ထောက်ပံ့ငွေ ကျပ် ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတ်) ကိုသာ ခံစားခွင့်ပြုခဲ့သည်ဖြစ်၍ လုပ်ခလစာပေးချေခြင်းမဟုတ်ကြောင်း အတိအလင်း ငြင်းဆို ထားသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်အနေဖြင့် ဦးခင်မောင်ဇော်ကို လူမှုရေးအရ အကြံပေး အဖြစ် ရည်ရွယ်တာဝန်ပေးမည်ဖြစ်သော်လည်း လုပ်ငန်းခွင်၏ အခြေအနေများနှင့် ကိုက်ညီမှုမရှိ၍ အလုပ်ခွင်သို့ ဝင်ရောက်နိုင်ရေးအတွက် သင်တန်းတက်ရောက်စေခြင်းကို ရပ်စဲခဲ့ကြောင်း စစ်ဆေး တွေ့ရှိရပါသည်။ အကြောင်းမှာ အလုပ်ခန့်အပ်ခြင်း အမိန့်စာမရှိ၊ အလုပ်မှရပ်စဲခြင်းအမိန့်စာမရှိနှင့် လုပ်ခလစာ ပေးချေခြင်းမရှိတို့ကို အတိအလင်းဖော်ပြထားပါသည်။ အလုပ်သမား ဦးခင်မောင်ဇော် အား အလုပ်ရှင်အနေဖြင့် အလုပ်လက်မဲ့ကာလတစ်ရပ်ဟု သဘောထား၍ လူမှုရေးအထောက် အပံ့တစ်ရပ်ကို ခံစားခွင့်ပြုသင့်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

<u>**သုံးသပ်ချက်**</u>

၆။ ဇေတဝနကသက်န်းပရိက္ခရာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်၏ သာသနာရေး၊ ဘာသာရေး လုပ်ငန်းများတွင် အဓိက အောင်မြင်ကျော်ကြားလျက်ရှိပြီး ခိုင်ခံ့စွာ စနစ်တကျ ထူထောင်လည်ပတ်လျက်ရှိပါသည်။ အလုပ်ရှင်သည် အလုပ်သမား ဦးခင်မောင်ဇော်အား နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတစ်ဦးအနေဖြင့် အလုပ်ရှင်မှ လူမှုရေးအရ အထောက်အပံ့ပေးရန်အတွက် အကြံပေးတစ်ဦးအဖြစ် ခန့်ထားရန် ရည်ရွယ်ခဲ့သော်လည်း အလုပ်သမား ဦးခင်မောင်ဇော်သည် ၎င်း၏ လုပ်ငန်းခွင်နှင့် သင့်တော်သူမဟုတ်ကြောင်း စိစစ်တွေ့ရှိလာသဖြင့် ၎င်းအား ဆက်လက် လက်တွဲဆောင်ရွက်ရန် မဖြစ်တော့သည့်အခြေအနေရှိလာ၍ အလုပ်ရှင်သည် အလုပ်သမားအား စမ်းသပ်ကာလ ၃ လ မပြည့်မီ အလုပ်မှ ရပ်စဲခဲ့ရခြင်းဖြစ်ကြောင်း တင်ပြလာသော စာရွက်စာတမ်းများ ၊ ထွက်ဆိုချက်များအရ လက်ခံသင့်ကြောင်း ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က သုံးသပ်ပါသည်။ သို့သော်လည်း ယခုအချိန်အခါသည် စားဝတ်နေရေးအတွက် မိသားစုတိုင်း ရုန်းကန်နေရသည်ဖြစ်ရာ လူမှုရေးအထောက်အပံ့အလို့ငှာ ငွေတစ်ရပ်ကို ခံစားခွင့်ပြုသင့်သည်ဟု သုံးသပ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို **၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃(င)** အရ ပယ်ဖျက်ပြီး အလုပ်ရှင်သည် အလုပ်သမား ဦးခင်မောင်ဇော်အား လူမှုရေးအထောက်အပံ့အဖြစ် ငွေကျပ် ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို ခံစားခွင့်ပြုသင့်ကြောင်း သုံးသပ်၍ အောက်ပါဆုံးဖြတ်ချက်ကို ချမှတ် လိုက်သည်-

**ဆုံးဖြတ်ချက်။** အလုပ်ရှင် ဦးခင်လှိုင်သည် အလုပ်သမား ဦးခင်မောင်ဇော်အား လူမှုရေးအထောက်အပံ့အဖြစ် ငွေကျပ် ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ)ကို ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ အထက်ပါ ဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း၃၀အတွင်း ပေးရမည်။အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ၂၉အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေ ကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဒေါ်မြတ်မြတ်ကျော် | ဦးသောင်းစိန် | ဦးသိန်းကြွယ် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |